Australian Government

**BE COVIDSAFE**

# COVID-19: ရောဂါလက္ခဏာများကို ဖော်ထုတ်ခြင်း

| ရောဂါလက္ခဏာများ | **COVID-19**<br>ရောဂါလက္ခဏာများ အပျော့စား မှ အပြင်းစား အမျိုးမျိုးရှိသည် | **အအေးမိခြင်း**<br>ရောဂါလက္ခဏာများ ဖြည်းဖြည်းချင်း ဖြစ်ပွားသည် | **တုပ်ကွေး**<br>ရောဂါလက္ခဏာများ ရုတ်ခြည်း ဖြစ်ပွားသည် | **ဓါတ်မတည့်မှု***<br>ရောဂါလက္ခဏာများ ရုတ်ခြည်း (သို့) ဖြည်းဖြည်းချင်း ဖြစ်ပွား |
|---|---|---|---|---|
| အဖျားတက်ခြင်း | အဖြစ်များ | ဖြစ်ခဲ | အဖြစ်များ | မဖြစ် |
| ချောင်းဆိုးခြင်း | အဖြစ်များ | အဖြစ်များ | အဖြစ်များ | အဖြစ်များ (ပန်းနာရင်ကျပ်) |
| လည်ချောင်းနာခြင်း | တစ်ခါတစ်ရံ | အဖြစ်များ | တစ်ခါတစ်ရံ | တစ်ခါတစ်ရံ (လည်ချောင်းနှင့် အာခေါင် ယား) |
| အသက်ရှူကျပ်ခြင်း | တစ်ခါတစ်ရံ | မဖြစ် | မဖြစ် | အဖြစ်များ (ပန်းနာရင်ကျပ်) |
| ပင်ပန်းနွမ်းနယ်ခြင်း | တစ်ခါတစ်ရံ | တစ်ခါတစ်ရံ | အဖြစ်များ | တစ်ခါတစ်ရံ |
| ကိုက်ခဲမှုများနှင့် နာကျင်မှုများ | တစ်ခါတစ်ရံ | မဖြစ် | အဖြစ်များ | မဖြစ် |
| ခေါင်းကိုက်ခြင်း | တစ်ခါတစ်ရံ | အဖြစ်များ | အဖြစ်များ | တစ်ခါတစ်ရံ |
| နှာရည်ယိုခြင်းနှင့် နှာပိတ်ခြင်း | တစ်ခါတစ်ရံ | အဖြစ်များ | တစ်ခါတစ်ရံ | အဖြစ်များ |
| ဝမ်းလျှောခြင်း | ဖြစ်ခဲ | မဖြစ် | တစ်ခါတစ်ရံ၊ အထူးသဖြင့် ကလေးများ၌ဖြစ် | မဖြစ် |
| နှာချေခြင်း | မဖြစ် | အဖြစ်များ | မဖြစ် | အဖြစ်များ |

*WHO ၊ ရောဂါထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေး US ဌာနများ နှင့် ဓါတ်မတည့်မှု၊ ပန်းနာရင်ကျပ်နှင့် ကိုယ်ခံစွမ်းအား အတွက် အမေရိကန် အကယ်ဒမီတို့၏ ထုတ်ပြန်ထားသော အကြောင်းအရာများကို မှီငြမ်းထားသည်။ *အသက်ရှူလမ်းကြောင်းဆိုင်ရာ ဓါတ်မတည့်မှုများတွင် ဓါတ်မတည့်မှုကြောင့်နှာစေးခြင်း (hay fever)၊ နှင့် ဓါတ်မတည့်မှုကြောင့် ပန်းနာရင်ကျပ်တို့ ပါဝင်သည်။ ဓါတ်မတည့်မှုကြောင့်နှာစေးခြင်း (hay fever) ၏ အခြားသော အဖြစ်များသည့် လက္ခဏာများမှာ နှာခေါင်းယားခြင်း၊ ယားခြင်းနှင့် မျက်ရည်ယိုခြင်း တို့ပါဝင်သည်။ COVID-19၊ တုပ်ကွေးနှင့် အအေးမိခြင်းတို့၏ လက္ခဏာများအကြား ခွဲခြားရန်မှာ အလွန်ခက်ခဲပါသည်။ အကယ်၍ သင့်တွင် ကူးစက်တတ်သော လက္ခဏာများ သို့မဟုတ် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ (လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်ပူအဖျားတက်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ကြွက်သားနာခြင်း၊ ချောင်းဆိုးခြင်း သို့မဟုတ် နှာရည်ယိုခြင်း ကဲ့သို့) ရှိလျှင် အလုပ်မသွားပါနှင့်။ သင့်အနေဖြင့် ကိုယ်တိုင်-ထိတွေ့မှုမရှိသည့် သီးခြားနေရန်လိုပြီး ဆေးဘက်ဆိုင်ရာ အတတ်ပညာရှင်မှ စိစစ်ပေးရန် လိုသည်။ သင် COVID-19 စစ်ဆေးမှုခံယူရန် လိုအပ်နိုင်သည်။ သင့်အား ဆေးဘက်ဆိုင်ရာ အတတ်ပညာရှင်က မခွင့်ပြုမချင်း အလုပ် ပြန်မသွားရ။ သင် စောင့်ရှောက်ပေးနေရသည့် လူများမှာ အကာအကွယ်ရပြီး ဘေးကင်းလုံခြုံကြောင်း သေချာစေရန် လိုအပ်သည်။ ဓါတ်မတည့်မှုကြောင့်နှာစေးခြင်း (hay fever) နှင့် ဓါတ်မတည့်မှုကြောင့်ပန်းနာရင်ကျပ်ကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဓါတ်မတည့်မှု လက္ခဏာများရှိသည့်သူများသည် အိမ်၌နေသင့်ပြီး ၎င်းတို့၏ ရောဂါလက္ခဏာပေါ်ခါစ၌ ထို့ပြင် ၎င်းတို့အနေဖြင့် မမျှော်လင့်ထားသော၊ ပုံစံတစ်မျိုးဖြစ်သော (သို့) သာမန်ထက်ပိုဆိုးရွားသော (သို့) ပုံမှန် ဆေးဝါးဖြင့် မပျောက်သော ရောဂါလက္ခဏာများကို ကြုံတွေ့ရလျှင် COVID-19 စစ်ဆေးမှုခံယူသင့်သည်။*

**Coronavirus (COVID-19)** အကြောင်း အချက်အလက်အပိုများကို ဝက်ဘ်ဆိုက် **health.gov.au** တွင်ကြည့်ပါ **www.health.gov.au/resources/translated** တွင်ကြည့်ပါ။ သို့မဟုတ် ဘာသာပြန်နှင့် စကားပြန်ဌာန ဖုန်း **131 450** ကိုခေါ်ပါ။

DTDT0001045